




[ ၄၈ ]
ဘုရားလောင်းသည် ဦးပေါင်း (ပေါင်းအုပ်)နှင့် တကွ ဦးစွန်းကိုကိုင်၍ အကယ်၍ ငါသည် ဘုရားသည်ဖြစ်အံ့ ကောင်းကင်၌ တည်စေ သတည်း။ အကယ်၍ ဘုရား မဖြစ်သည်ဖြစ်အံ့ မြေ၌ ကျစေသတည်း။ ဤသို့ဓိဋ္ဌာန်၍ ကောင်းကင်သို့ ပစ်လေ၏။ ထိုဦးစွန်းသည် တစ်ယူဇနာ အတိုင်းအရှည်ရှိသော အရပ်သို့ ာက်လေ၍ ကောင်းကင်၌တည်လေ၏။ သိကြား နတ်မင်းသည် ဒိဗ္ဗစက္ခုဖြင့်ကြည့်၍ တစ်ယူဇနာရှိသော ရတနာပန်းတောင်းဖြင့်ခံ၍ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီမည်သည်ကို တည်စေ၏။

ရုပ်ပုံတွင် ဘုရားလောင်းသည် ဦးပေါင်းနှင့် တကွသော ဦးစွန်းကိုကိုင်၍ အဓိဋ္ဌာန် ပြုနေဟန်နှင့် သိကြားမင်းက ထိုဦးစွန်းကို ာင်ယူသွားဟန် အပေါ်နားတွင်လည်းကောင်း တွေ့နိုင်လေသည်။ အပေါ်နားတစ်ဖက်တွင် အခြားနတ်သား တစ်ပါးကိုလည်းကောင်း၊ အောက်တွင် ဆန္နအမတ်နှင့် ထူကမြင်းကိုလည်းကောင်း ဖော်ပြထားသည်။